မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 8 /Issue 2 /February / 2015*

## ကျွန်ုပ်တို့အတွက်ဆုလာဘ်

မထင်ရှားသော အရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ
ပေးတော်မူလတံ့။ (မဿဲ၊၆း၄)

နှစ်သစ်ကူးပြီးနောက်၊ ဇန်နဝါရီ၊ဖေဖေါ်ဝါရီလများအတွင်း ဆုချီးမြှင့်သည့် အစီအစဉ် အခမ်းအနားပွဲတော်များအကြောင်းကို မကြာခဏဆိုသလို ကြားသိနေရသည်။ ဆုရရှိချီးမြှင့်ခံရသောသူအများကလည်း ထိုက်ထိုက်တန်တန် လက်ခံရရှိသကဲ့သို့ မရသေးသောသူများကလည်း ဆုကိုရရှိအောင် ဆက်လက်ကြိုးစားဖို့ တွန်းအားပေးနေခြင်းလည်းဖြစ်ပါသည်။

ကျွန်ုတို့၏ ကောင်းကင်ဘုံရှင်အဘ၌လည်း ဆုလာဘ်ချီးမြှင့်သည့် အစီအစဉ်ရှိပါသည်။ သစ္စာရှိစွာ အစေခံမှုအတွက် ချီးမြှောက်ရန် ခမည်းတော်အဘ အလိုရှိကြောင်းကို သခင်ယေရှု မိန့်ကြားထားသည်။ သခင်ယေရှုက "ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်း ရှိကြလော့၊ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးမားလှပေ၏။" (မဿဲ၊၅း၁၁–၁၂)

ဖာရိရှဲတို့၏ အကျင့်ဓလေ့များဖြစ်သည့် လူသူအများ၏ရှေ့မှောက်၌ ပေးကမ်းခြင်း၊ ဆုတောင်းခြင်း၊ အစာရှောင်ခြင်း၊ လုပ်ရပ်များကို ၎င်းတို့နှင့်ဆန့်ကျင်ဘက် မထင်မရှားလုပ်ဆောင်ရန် သွန်သင်၏။ အဘယ်ကြောင့်ဆိုသော် "မထင်ရှားသော အရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလိမ့်မည်။" (မဿဲ၊၆း၄)

သင်သည် ဆုတောင်းသောအခါ "ဆိတ်ညံရာ အခန်းသို့ဝင်၍ တံခါး ကိုပိတ်ပြီးမှ၊ မထင်ရှားသော အရပ်၌ ရှိတော်မူသော သင်၏ အဘကို ဆုတောင်းလော့။ မထင်ရှားသော အရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတံ့။" (မဿဲ၊၆း၆)

သင်သည် အစာရှောင် သောအခါ "အစာရှောင်သည်ကို လူများတို့ရှေ့မှာ မထင်ရှားစေဘဲ၊ မထင်ရှားသော အရပ်၌ရှိတော်မူသော သင်တို့အဘ ရှေ့တော်၌သာ ထင်ရှားစေခြင်းငှါ၊ ခေါင်းကို လိမ်းကျံလော့။ မျက်နှာကိုလည်းသစ်လော့။ မထင်ရှားသောအရာကို မြင်တော်မူသော သင်တို့အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတံ့။" (မဿဲ၊၆း၁၈)

ကျွန်ုပ်တို့သည် သခင်ယေရှုအတွက် အမှုတော်ဆောင်ရာ၌ သစ္စာတည်ကြည်လျှင်၊ အသက်တာ၌၊ ကျေးဇူးတော် ကြွယ်ဝပြည့်စုံ လိမ့်မည်။

သို့သော်လည်း ဆုလာဘ်ကို မျှော်ကိုး၍၊ သခင့်အတွက် အစေခံခြင်းသဘောမျိုး မဖြစ်စေရပါ။ သခင့်အတွက် အစေခံခဲ့သမျှ၊ ပေးဆပ်ခဲ့သမျှ၊ အရာအားလုံးကို သခင်ဘုရား မြင်ပေ၏။ ယခုဘဝ၌ ကျွန်ုပ်တို့၏ လုပ်ဆောင်သမျှ ပေါ်မူတည်၍ နောင်ကာလတွင် ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ခံရမည်။ သခင်ဘုရား ချီးမြှောက်မည့် ဆုလာဘ်သည် အတိုင်းထက်အလွန် ကောင်းမွန်ပေစွတကား။

ကိုယ်တော်ကို ကြောက်ရွံ့သော သူတို့အဘို့ သိုထားတော်မူ၍ လူသားတို့ ရှေ့မှာ ကိုယ်တော်ကို ခိုလှုံသောသူတို့အဘို့ ပြုပြင်တော်မူသော ဆုကျေးဇူးတော်သည် အလွန်ကြီးလှပါ၏။ ဆာ၊၃၁း၁၉

~~~~~~~~~~~~~~~~~~~~~~~~~~

## 2015, February Events




*Holy Communion*
*2/ 01/ 2015*
~~~~~~~~~~~~~~~
*B.C.F. Official Board Meeting*
*2/ 08/ 2015*
~~~~~~~~~~~~~~~
*Regular Sunday Service*
*2/ 15/ 2015*
~~~~~~~~~~~~~~~
*Regular Sunday Service*
*2/ 22/ 2015*
~~~~~~~~~~~~~~~
*Every Service on Sunday*
*2:00PM*
*At*
*St. Luke's Episcopal Church*
*122 S. California Ave.*
*Monrovia, CA 91016*
~~~~~~~~~~~~~~~




# Be My Valentine

Be My Valentine ဆိုတဲ့ စကားလုံးလေးဟာ
Valentine Day မှာ အလွန်ရေပန်းစားပါတယ်။

February14 ရောက်ရင် အနီရောင်အသဲနှလုံးပုံနှင့်
လက်ဆောင်ကဗျာလေးတွေ၊ ချိုချဉ်သကြားလုံး နှင့် နီနီရဲတဲ့နှင်းဆီပန်းတွေ၊ အချစ်မြှားကိုချိန်ရွယ်လို့
ဟိုဒီပျံသန်းနေတဲ့ မြှားနတ်မောင်ပုံတွေသာ ပုံရိပ်ထင်ဟပ် လွှမ်းမိုးမြင်ယောင်မိကြမှာပါပဲဘဲ။

အမှန်မှာတော့ Valentine Day ဟာ ဘာသာရေးနဲ့ ဆက်နွယ်နေတဲ့ နောက်ကြောင်း ရာဇဝင် လေး ရှိခဲ့ပါတယ်။ ခရစ်ယာန်မာတုရအဖြစ် ဘုန်းတော်ဝင်စားသွားပြီဖြစ်တဲ့ Saint Valentine ကို သတိရ အောက်မေ့ဖွယ်ရာနေ့ အဖြစ် သတ်မှတ်ထားတဲ့ နေ့ထူးနေ့မြတ် St Valentine's Day ဖြစ်ပါတယ်။

အသင်းတော်သမိုင်း အထောက်အထား အရ၊ အေဒီ၂၇၀ (A.D 270) အချိန်မှာ၊ ရောမမြို့ အနီးမှာ Valentine အမည်ရှိသော ဘုန်းတော်ကြီးတစ်ပါး ရှိခဲ့သည်။

ရောမအင်ပါရာ၌ ဘုရင်ခံ ကလောဒီးယား Claudias ကြီးစိုးနေစဉ်အချိန် ရောမတို့၏ဘုရားများကို ဦးမချ၊ ဝတ်မပြု၊ မကိုးကွယ်သော ခရစ်ယာန်များကို ညှင်းပမ်းနှိပ်စက် ဖမ်းဆီးထောင် ချသည်။ ဘုန်းတော်ကြီး Valentine လည်း ဖမ်းဆီးခံရသည်။ ဖမ်းဆီးရသည့်အကြောင်း အမျိုးမျိုးပြောကြသည်။ အချို့က ခရစ်ယာန်ထိမ်းမြားလက်ထပ်ခြင်းအမှုကို ဆောင်ရွက်၍ဟုငင်း၊ အချို့က ထောင်ထဲတွင်အကျဉ်းကျခံနေရသော ခရစ်ယာန်များကို လွတ်မြောက်ရန် ကူညီပေးသည်ဟူ၍ငင်း၊ အချို့က ထိုအချိန်အတွင်းမှာ ရောမတို့၏ဘုရားများဖြစ်သော Jupiter and Mercury အကြောင်း ထင်မြင်ချက်ကို မေးမြန်းရာ၊ ရောမတို့၏ ဘုရားများသည် မှားယွင်းသောဘုရားများ (False gods) ဖြစ်ကြောင်း၊ ယေရှုခရစ်တော်၏ကောင်းကင်ဘုံရှင် အဖ္ဗအဘ (Heavenly Father) သာလျှင်၊ စစ်မှန်သော တစ်ဆူတည်းသော ဘုရား (The One and Only God) ဖြစ်ကြောင်း ဟောပြောရာ၊ ရောမ တို့က မိမိတို့၏နတ်ဘုရားများကို စော်ကား၍ ဘုန်းတော်ကြီး Valentine ကို ဖမ်းဆီး၍ထောင်ချသည်ဟု ပြောကြသည်။

ဘုန်းတော်ကြီး Valentine သည် အကျဉ်းထောင်ထဲတွင် ရှိနေစဉ် ခရစ်ယာန်သာသနာအမှုကိုထောင်တွင်း၌ ဆက်လက်ဆောင်ရွက်သည်။ ထောင်မှူးများ၊ အစောင့်အကြပ်များကို ဟောပြောသက်သေခံသည်။ စိတ်ထားကောင်းသော အစောင့်တစ်ဦးသည် မျက်မမြင် မိန်းကလေးတစ်ယောက်ကို မွေးထားပါ သည်။ ထိုသူသည် ဘုန်းတော်ကြီး Valentine အား၊ စစ်မှန်သောဘုရားသည် သူ၏သမီးငယ်ကို ကူညီမစနိုင်မလားဟုမေးခဲ့၏။ ဘုန်းတော်ကြီး Valentine လည်း ကူညီမစနိုင်ကြောင်း ပြောပြပြီး၊ မိန်းကလေးငယ် အတွက် အထူးဆုတောင်းရာ မျက်စိအလင်းပြန်ရသည်။

သူမ၏အိမ်သူအိမ်သားအားလုံး၊ လူပေါင်း၄၆ ဦး ယေရှုခရစ်တော်ကို ယုံကြည်၍နှစ်ခြင်းမင်္ဂလာခံယူသည်။ ဘုန်းတော်ကြီး Valentine သည် ထောင်ထဲမှာ ချက်ခြင်း ဘုရားရှင်ကို ချီးမွမ်းသည်။ လူအများ ဆက်လက်၍ ပြောင်းလဲကာ ခရစ်ယာန်ဖြစ်သွားကြောင်း ဘုရင်ခံ ကြားသိသောအခါ အမျက်ဒေါသမာန်ထွက်ပြီး၊ ဘုန်းတော်ကြီး Valentine ကို ခေါင်းဖြတ်သတ် လိုက်၏။

အချိန်ကာလ ရွေ့လျားလာသည်နှင့်အမျှ စီးပွားရေးက ဘာသာရေးကို တစ်ကျော့ပြန်၍ ခုတုံးလုပ် ဈေးကွက်ဆင်ကာ ထိုးဖေါက်ဝင်ရောက် လာသောကြောင့် St Valentine's Day မှသည် ချစ်သူများကို လက်ထပ်ပေးသော ဘုန်းတော်ကြီး Valentine ကို အစွဲပြုပြီး၊ Valentine Day ချစ်သူများနေ့ အဖြစ် တစ်မူထူးခြား ပြောင်းလဲလာပါသည်။ လက်ထပ်မင်္ဂလာ ဆောင်နှင်းခြင်းအမှုသည် ဘုရားသခင်၏ ကနဦးအကြံအစည်တော် ဖြစ်၏။

ဘယ်လိုပင်ဖြစ်ပါစေ နှစ်မျိုးလုံး ချစ်ခြင်းမေတ္တာကို အခြေခံပါသည်။ သို့သော်၊ လောကသားတို့၏ခေတ်သစ် Valentine Day နှင့်ခရစ်ယာန်တို့၏မေတ္တာ အခြေခံအုတ်မြစ်ကားလုံးဝကွာခြားပါသည်။

ယေရှုခရစ်တော်၏ အဖ္ဗအဘကို ချစ်ကြောက်ရိုသေ၍ လောကီသားအပေါင်းအပေါ် ထားသော ကျေးဇူးဂရုဏာမေတ္တာမှာ တစ်ဘက်သတ်မေတ္တာ၊ပေးဆပ်လိုသောမေတ္တာဖြစ်သည်။ရှင်ယောဟန်၊၁၅း၁၃ တွင် "ကိုယ်အဆွေတို့အဘို့အလို့ငှါ ကိုယ်အသက်ကိုစွန့်ခြင်း မေတ္တာထက်သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ" ဟု ခရစ်တော် ပြောထားသည့်အတိုင်း အမြတ်ဆုံးသော မေတ္တာကို လက်ဝါးကပ်တိုင်ပေါ်တွင် အသွေးတော်သွန်း၍ အသက်တော်ကိုစွန့်ကာ သာဓကပြခဲ့၏။

ဘုန်းတော်ကြီး Valentine သည် ဘုရားသခင်ကိုချစ်၍ ပညတ်တော်အတိုင်းလိုက်လျှောက်ကာ ဖိနှိပ်ချုပ်ချယ်၊ ညှင်းပန်းနှိပ်စက်မှု အမျိုးမျိုးကြားမှ လူများကို ချစ်၍ ကိုယ်ကျိုးစွန့်သော မေတ္တာဖြင့် မိမိ၏ အသက်အန္တရာယ်ကိုပင် ပဓါနမထားဘဲ ကယ်တင်ခြင်းတရားကို ဟောပြောသက်သေခံခဲ့၏။

လောကီသားများ၏မေတ္တာသည်ကား အပေးအယူ၊ အသွားအပြန်နှင့် အတိုင်းအတာ ရှိတတ်ပါသည်။ ထို့ပြင် လောဘရမက်၊ တဏှာရာဂ၊ စည်းစိမ်ချမ်းသာ၊ ခန္ဓာရုပ၊ အာရုံငါးပါး၊ သွေးသားဆန္ဒ ... စသည်တို့အပေါ် မူတည်နေ၍၊ ထင်မှတ်ထားသည်ထက် လျော့နည်းသွားလျှင်၊ မေတ္တာပျက်တတ်ပါသည်။ သဲပေါ်တွင် ဆောက်ထားသည့် အိမ်ကဲ့သို့ အခြေမခိုင် ပြိုလဲလွယ်သည့်မေတ္တာမျိုး ဖြစ်သည့်အပြင်၊ ရယူပိုင်ဆိုင်လိုမှုက အားသာနေတတ်ပါသည်။

လောကီသားအပေါင်းတို့အား" ငါသည် သင်တို့ကိုချစ်သည် နည်းတူ၊သင်တို့သည် အချင်းချင်း ချစ်ကြလော့"ဟု ခရစ်တော် ပညတ်ခဲ့သော်လည်း ထိုလမ်းစဉ်ကိုမလိုက်နိုင်။ လိုက်လျှောက်သောသူ ရှိပေသော်ငြားလည်း အလွန်နည်းပါး၏။

ခရစ်တော်သည် ဆက်လက်၍၊ "သင်တို့သည် အချင်းချင်း ချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကို ထောက်၍ သင်တို့သည် ငါ၏တပည့် ဖြစ်သည်ကို သိရကြလိမ့်မည်"ဟု မိန့်တော်မူခဲ့၏။

ခရစ်တော်၏ တပည့်တော်များ အချင်းချင်း အပြန်အလှန် ထားရှိရမည့် ချစ်ခြင်းမေတ္တာသည် လောကီသားများကဲ့သို့ မဟုတ်။ ထို့ပြင် လင်နှင့်မယား၊ ညီအစ်ကိုမောင်နှမ၊ မိသားစုဆွေစဉ်မျိုးနွယ်၊ သူငယ်ချင်းမိတ်ဆွေ အပေါ်ထားရမည့် ချစ်ခြင်းမေတ္တာနှင့်လည်း ကွာခြားပါ၏။

တပည့်တော်တို့သည်ကား ... သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ရှက်ညှဉ်းဆဲသော သူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ တပည့်တော်တို့၏ ချစ်ခြင်းမေတ္တာသည် ရယူပိုင်ဆိုင်လိုခြင်းထက် အသက်ကိုပင် လည်စင်းခံမည့် ကိုယ်ကျိုးစွန့်သောမေတ္တာ ဖြစ်သည်။

Valentine Day တွင် သင်၏ခင်ပွန်း သို့မဟုတ် သင်၏ချစ်သူထံမှ အနီရောင်နှင်းဆီပန်းများ သော်၎င်း၊ အဖိုးတန်လက်ဝတ်ရတနာသော်၎င်း၊ ချိုချဉ်သကြားလုံးသော်၎င်း လက်ခံရရှိခဲ့ပါလျှင်၊ စိတ်ကူးယဉ်အချစ်ထက် ဘုရားသခင်၏မေတ္တာတော်နှင့် သခင်ယေရှု၏ကျေးဇူးတော်ကို အစဉ်သတိရအောက်မေ့လျှက်၊ အသက်ကို စတေးသွားသော ခရစ်ယာန်မာတုရကြီး St Valentine ကို စံပြထား၍၊ သခင်ယေရှု ခရစ်တော်၏ တပည့်တော်များအဖြစ် ဆက်လက်ရပ်တည်ကြပါစို့။ အာမင်။

ရိရိအေး

---

# God's Valentine Gift




*God's Valentine gift of love to us*
*Was not a bunch of flowers;*
*It wasn't candy, or a book*
*To while away the hours.*

*His gift was to become a man,*
*So He could freely give*
*His sacrificial love for us,*
*So you and I could live.*

*He gave us sweet salvation, and*
*Instruction, good and true--*
*To love our friends and enemies*
*And love our Savior, too.*

*So as we give our Valentines,*
*Let's thank our Lord and King;*
*The reason we have love to give*
*Is that He gave everything.* ~ *Author Unknown* ~

# သခင်ဘုရား သိမှတ်တော်မူသောသူ အဖြစ်သို့ ...

မဆိုရှယ် (မော်တင်လိမ်း)

"သမင်ဒရယ်သည် ရေစီးသောချောင်းကို တောင့်တသကဲ့သို့အကျွန်ုပ်ဝိညာဉ်သည်ကိုယ်တော်ကို တောင့်တပါသည်ဘုရား" (ဆာ၊ ၄၂း၁-၂) ဆိုသကဲ့သို့ ရှေးကာလက သန့်ရှင်းသူများ ဖြစ်ကြသော ယုံကြည်သူ ဘိုးဘေးများတို့၏ အသက်တာကို အနီးကပ် လေ့လာလျှင်၊ ဘုရားသခင်အပေါ် တောင့်တစိတ်ပြင်းပြ၍ နှုတ်ကပါတ်တော်ကို ဆာငတ်မွတ်သိပ်သော စိတ်ဆန္ဒအရှိန်အဟုန် လွန်စွာကြီးမားကြောင်းကို ခံစားသိရပါ၏။ နေ့ည အချိန်အခါမရွေး ညည်းတွားမြည်တမ်းလျှက် ဆုတောင်းပြီး ဘုရားကို ရှာဖွေကြသည်။ အလိုတော်ကိုဝန်ခံ၍ သမ္မာတရားနှင့်အညီ လိုက်လျှောက်ကြပါသည်။

ထိုသူတို့၏ အသက်တာမှာ ဘုရားသခင်အား တောင့်တခဲ့ကြရာတွင်၊ ခေတ်ကာလကို အရေးမစိုက်၊ လောကီရေးရာကို ဦးစားမပေး၊ ဘုရားသခင်ကို ရှာရကျိုး အချိန်ကုန်ရကျိုး နပ်ပြီမို့၊ ကျေးဇူးတော်ကရုဏာတော် ကောင်းကြီးမင်္ဂလာများနှင့် ပတ်ရစ်လျှက်၊ ကောင်းသောအရာများနှင့် ရောင့်ရဲလျှက်ရှိပြီး ကျေနပ်အားရခြင်းကို တွေ့ရပါသည်။

သန့်ရှင်းသူ ဆရာကြီး ဆရာမကြီးများ၏ အသက်တာတွင်၊ သူတို့သည် မိသားစုနှင့် မိတ်ဆွေအသိုက်အဝန်း၏ အသိအမှတ်ပြုခြင်း မခံရပါ။ သူတို့၏အမည်ကို လူတို့လည်း မသိကြပါ။ သူတို့၏ဘဝကို စိတ်စေတနာ အလျောက် ကိုယ်ကျိုးစွန့်၍ ပေးဆပ်သော်လည်း ထိုအမှုများအတွက် ဂုဏ်ပြုချီးကျူးခြင်းနှင့် ကျေးဇူးတုန့်ပြန်မှုကိုပင် မရခဲ့ကြပါ။ သို့သော်ငြားလည်း ဘုရားသခင်သည် သူတို့၏ သစ္စာရှိခြင်းနှင့် အနစ်နာခံခြင်း အမှုများကို သိမှတ်တော်မူ၏။

"သခင်ဘုရား သိမှတ်တော်မူသောသူဖြစ်ခြင်းငှာ စေတနာစိတ်ရှိ၍ ကြိုးစားအားထုတ်ကြရန်" (၂ ကော၊ ၅း၉)ကျမ်းပိုဒ်က ဖေါ်ပြထားပါ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်အား ယုံကြည်ခြင်းဖြင့် လက်ခံထားပြီး အသက်တာ တစ်ခုလုံးကို ကိုယ်တော်ရှင်အတွက် အစေခံရန် ဆက်ကပ်အပ်နှံထားပြီးဖြစ်ပါလျှင်၊ (ဟေဗြဲ၊၁၁း၆)အရ "ဘုရားသခင်၏စိတ်တော်နှင့်တွေ့လိမ့်မည်"။ ထိုသို့ ကိုယ်တော်ရှင်၏ စိတ်တော်နှင့်တွေ့၍ နှစ်သက်ခြင်းသည် ကျွန်ုပ်တို့အတွက် ဆုလဒ်ပင် ဖြစ်သည်။ အကြောင်းမူကား လူအပေါင်းတို့၏ ချီးကျူးသြဘာ ပေးခြင်းထက် ဘုရားရှင်၏ နှစ်သက်တော်မူခြင်းကို ခံစားရခြင်းသည် သာ၍ ချိုမြိန်ကာ ကျေနပ်အားရဖွယ် ရှိပေ၏။

ကနဦးရှေးအသင်းတော်များရှိ ယုံကြည်သူ ယုဒလူများသည် ညှဉ်းပမ်းနှိပ်စက်ခြင်း ခံရသကဲ့သို့ ခရစ်ယာန်ဘာသာသည် ညှဉ်းဆဲခြင်းအမျိုးမျိုး ခံခဲ့ရပါသည်။ "ခရစ်တော် ယေရှုအားဖြင့် ... ခပ်သိမ်းသောကျေးဇူးကို ပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သင်တို့ကို စုံလင်၊ တည်ကြည်၊ ခိုင်ခံ့၊ မြဲမြံစေ တော်မူမည်" ဟု (၁ ပေ၊ ၅း၁၀) တွင် ရှင်ပေတရုက ဆုတောင်းပေးခဲ့သည်။

သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်အား ယုံကြည်ခြင်းဖြင့် စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးခံရ၍ ပူဆွေးဝမ်းနည်းနေလျှက်ပင်၊ ခရစ်တော်နောက်သို့ လိုက်မြဲလိုက်မည်ဟု သန္နိဋ္ဌာန်ချနိုင်ရမည်။ ကိုယ်တော်ရှင်အား စွန့်လွှတ်ရန် ငြင်းဆန်နိုင်ရမည်။ ချီးမွမ်းကြွေးကြော်၍ ဆုတောင်းနိုင်ရမည်။ ကိုးကွယ်ခြင်းဝတ်ကို အမြဲပြုနိုင်ရမည်။

ဤသို့ ခေတ်အဆက်ဆက်၌၊ ယုံကြည်သူ အများတို့သည် နှိပ်စက်ညှဉ်းဆဲခြင်း အမျိုးမျိုး ခံရသော်ငြား၊ ထောင်တွင်အကျဉ်းခံရသော်ငြား၊ သတ်ဖြတ်ကွပ်မျက်ခံရသော်ငြား၊ သူတို့၏စိတ်သည် အဆုံးတိုင်အောင်တည်ကြည်လျက်ရှိသည့်အပြင်၊ ကောင်းသောအကျင့်စကားများအားဖြင့်လည်း ယုံကြည်ခြင်းတရားကို ဟောပြောသက်သေခံ၍ မျိုးစေ့ကြဲဖြန့်ခဲ့ကြပါသည်။

ခရစ်တော်၏အသွေးတော်သည် အပြစ်ဖြေလွှတ်တော်မူရာ ဖြစ်သကဲ့သို့ မာတုရတို့၏သွေးစက်သည် အသင်းတော်၏ မျိုးစေ့များ ဖြစ်သည်။

ယနေ့တွင်၊ ကမ္ဘာတစ်ဝှမ်းရှိ ညှဉ်းဆဲခံ အသင်းတော်များအတွက် သာမက၊ ညှဉ်းပမ်းနှိပ်ကွပ်ခံနေရသော ခရစ်ယာန်အများအတွက် ခွန်အားရရှိရန်၊ ကမ္ဘာအဝှမ်း အထူးဆုတောင်းနေကြပါသည်။

- ခရစ်တော်အကြောင်း မဟောပြော၊ မဝေငှရ၊ ဟုပြဌာန်းထားသော နိုင်ငံများတွင် လျှို့ဝှက်စွာဝတ်ပြုကိုးကွယ်နေကြရသော ယုံကြည်သူများ၏ လုံခြုံရေး၊ ယုံကြည်မှု ထိန်းထားနိုင်ရေး။

- ဝမ်းမြောက်ဖွယ် သတင်းကြောင့် အကျဉ်းချ ခံနေကြရသော ယုံကြည်သူများ၏ ကျန်းမာရေး၊ သည်းခံနိုင်စွမ်းနှင့် စိတ်ဝိညာဉ်ခွန်အားရစေရေး။

- မာတုရသေခြင်းကို ခံယူသွားသူများနှင့် ကျန်ရစ်သူမိသားစု ဆွေမျိုးများအတွက် ဘုရားရှင်ထံတော်ပါးမှ နှစ်သိမ့်မှုခွန်အားရရှိရေး ... စသည့်တို့ကို ကျွန်ုပ်တို့ ဆုတောင်းခြင်းဖြင့် ယုံကြည်သူအချင်းချင်းတို့အား သခင်ဘုရား သိမှတ်တော်မူသောသူများအဖြစ်သို့ ဘုရားရှင်၏ ရှေ့တော်မှောက်သို့ အတူတကွ ဆောင်သွင်းကြပါစို့။ အာမင်။ ။

ညှဉ်းဆဲခြင်းမျိုးခံရသော်လည်း၊
ဘိုးဘေးတို့၏ယုံကြည်ခြင်းတည်၊
ထောင်တွင်အကျဉ်းခံရသော်လည်း၊
သူတို့စိတ်သည်တည်ကြည်လျက်ရှိ။
ထိုသိတင်းကိုကြားရသောခါ၊
ကျွန်ုပ်တို့စိတ်ဝမ်းမြောက်ဝမ်းသာ။
ဘိုးဘေးတို့၏ယုံကြည်ခြင်းကြောင့်
တည်ကြည်ပါမည်၊ သေသည်တိုင်အောင်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~




Are you ready to step into eternal?

Everybody will live full life on earth. The thing is we don't know what is our full life might be 40's to 50's, 70's to some, 80's 90's to other.

Due to that I invite you to spend a crucial moment with me.
On earth we make plan, we go after what start we what. Education, Career, Business, Family and so on... [Luke 12:19-20]

As on earth we have so much certain things.  Even our own life we could not tell that we will live to the full life, to enjoy life.

I do ask you to pause a while to think/evaluate and come to make peace with God. Please do not put down. Could be tonight, tomorrow might be your time to step into eternal. Do you have peace with God?
Before your times up I beg you to consider come to Jesus. As the door of heaven is still open for you before it's shut … (Matt 25:10-13) (John 14:6)

Please ask yourself these two questions.
1. Have I made peace with God?
2. Have my loved one: (spouse, family & parents etc…) made peace with God?
As you step into eternally you know you will be in heaven and your loved one will join you some day.

If your loved one step into heaven first you will feel sad because you lost your loved one. Even though your loved one will waiting for you there and you will together with them someday when your time come.
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

Referenced text (1 Thessalonians 5:10)

God has forgiven all our wrong doing. But to make yourself clean each of you must come and received your pardon from God and come righteous in the eye of God.

Allow me to lead you a short prayer to make peace with God.

Oh! God,

> I lay my life into your hand. I invite you come into my heart, dwell in my heart. I ask you to make me clean, change me and lead me to live a life that pleasing you and stop me do thing that you do not approve. As your word said if I invite you to come to live in my heart, you will come so I trust you, I invite you to come rest in my heart. [Revelation3:20]

If you pray that with sincere heart you are becoming a family of God.

Your next step will be …

You will need to see a minister that will do the follow up for your spiritual growth and walk daily with God.

## Referenced text:

**Luke 12:19-20** … And I'll say to myself, "You have plenty of grain laid up for many years. Take life easy; eat, drink and be merry."' "But God said to him,
'You fool! This very night your life will be demanded from you. Then who will get what you have prepared for yourself?'

**Matt 25:10-13** … And while they went to buy, the bridegroom came; and they that were ready went in with him to the marriage: and the door was shut. Afterward came also the other virgins, saying, Lord, Lord, open to us. But he answered and said, Verily I say unto you, I know you not. Watch therefore, for ye know neither the day nor the hour wherein the Son of man cometh.

**John 14:6** … Jesus answered, "I am the way and the truth and the life. No one comes to the Father except through me.

**1 Thessalonians 5:10** ... He died for us so that, whether we are awake or asleep, we may live together with him.

**Revelation3:20** ... Here I am! I stand at the door and knock. If anyone hears my voice and opens the door, I will come in and eat with that person, and they with me.

*Inspirational Stories:*

# A Bouquet for Mother



A man stopped at a flower shop to order some flowers to be wired to his mother who lived two hundred miles away.

As he got out of his car he noticed a young girl sitting on the curb sobbing.

He asked her what was wrong and she replied, "I wanted to buy a red rose for my mother. But I only have seventy-five cents, and a rose costs two dollars."

The man smiled and said, "Come on in with me. I'll buy you a rose."

He bought the little girl her rose and ordered his own mother's flowers.

As they were leaving he offered the girl a ride home. She said, "Yes, please! You can take me to my mother."

She directed him to a cemetery, where she placed the rose on a freshly dug grave.

The man returned to the flower shop, canceled the wire order, picked up a bouquet and drove the two hundred miles to his mother's house.

____________________________ *(Author Unknown)* ____________________________